ပြည်သူ့ညီညွတ်ရေးတပ်ဦး
PEOPLE'S UNITED FRONT

## ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) ဖွဲ့စည်းခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

**သဝဏ်လွှာအမှတ် - ၂/၂၀၂၅**

**ရက်စွဲ - မတ်လ (၁၄) ရက်၊ ၂၀၂၅ ခုနှစ်။**

၁။ လူမျိုးပေါင်းစုံလူထုတရပ်လုံး၏ ကြီးမားလှစွာသော အစိတ်အပိုင်းတရပ်ကို လွတ်မြောက်စေခဲ့သည့် ၁၀၂၇ စစ်ဆင်ရေးကြီးအပါအဝင် ဂုဏ်ရောင်ပြောင်သော စစ်ရေးလှုပ်ရှားမှုများတွင် ရှုပ်ရှုပ်ခွံ့ခွံ့ ပါဝင်တိုက်ခိုက်ခဲ့သော ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်ခြင်း ( ၄ ) နှစ်ပြည့် အထိမ်းအမှတ်ကို မိမိတို့ ပြည်သူ့ညီညွတ်ရေးတပ်ဦးက ဂုဏ်ပြုအပ်ပါသည်။

၂။ စတင်တည်ထောင်ခဲ့ချိန်မှစ၍ ယနေ့ထိ ရန်သူစစ်အုပ်စုကို စစ်ရေးအရ တိုက်ခိုက်ချေမှုန်းရေးအပြင် လူထုကူညီရေးလုပ်ငန်းစသည့် ပြည်သူ့လွတ်မြောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အတွက် မိမိတို့ပြည်သူ့ညီညွတ်ရေးတပ်ဦးအနေဖြင့် များစွာ ဂုဏ်ယူမိပါသည်။

၃။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ စစ်သုံးစစ်အမြစ်ဖြတ်ချေမှုန်းရေးမူဝါဒ၊ "တူတာတွဲလုပ် မတူတာခွဲလုပ်" ဟူသည့် တပ်ပေါင်းစုမူဝါဒတို့သည်လည်း ယနေ့ကာလ ပြည်သူ့လက်နက်ကိုင်တော်လှန်ရေး၏ သမိုင်းဆိုင်ရာ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု မိမိတို့အနေဖြင့် အလေးအနက် ယုံကြည်ပါသည်။

၄။ "ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ခြေလှမ်းတိုင်းသည် အဖိနှိပ်ခံပြည်သူတို့၏ အကျိုးစီးပွားမှတပါး အခြားမရှိ"ဟူသည့်အတိုင်း ယခု (၄) နှစ်ပြည့်အခါသမယမှသည် လူမျိုးပေါင်းစုံ ပြည်သူ့လက်နက်ကိုင် တော်လှန်ရေးကြီး အပြီးသတ်အောင်မြင်သည်အထိ ရှေ့သို့တဟုန်ထိုးချီတက်၍ အောင်ပွဲများ အရယူနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**"ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အဓွန့်ရှည်ပါစေ"**

**"စစ်သုံးစစ်ကို အမြစ်ဖြတ် ချေမှုန်းကြ"**

နိုင်ငံရေး၊ စစ်ရေး ဦးဆောင်ကော်မတီ
ပြည်သူ့ညီညွတ်ရေးတပ်ဦး